ဇွန်လ ၂၂၊ ၂၀၂၄

# အိုင်တီအက်ဖ် တံငါသည်များအခွင့်အရေးကွန်ယက် အရှေ့တောင်အာရှဒေသထိပ်သီးအစည်းအဝေး ထုတ်ပြန်ချက်

အရှေ့တောင်အာရှရှိရေလုပ်သားများသည် လေးစားမှုနှင့်တရားမျှတမှုကို ခံစားရရှိထိုက်သောကြောင့် နိုင်ငံတကာသယ်ယူပို့ဆောင်ရေးအလုပ်သမားများအဖွဲ့ချုပ်၏တံငါသည်များအခွင့်အရေးကွန်ယက် (ITF-FRN) သည် ခေါင်းပုံဖြတ်အမြတ်ထုတ်မှုများအား အဆုံးသတ်ရန် နှင့် လုပ်ငန်းစံချိန်စံနှုန်းများကို မြှင့်တင်ရန် ဒေသအဆင့်ရေလုပ်သားများ၏လှုပ်ရှားမှုတစ်ခုကို တည်ဆောက်နေပါသည်။ ကျွန်ုပ်တို့၏အဓိကစိုးရိမ်ပူပန်ချက်များကိုအစိုးရများမှ ကိုင်တွယ်ဖြေရှင်းပေးမှုများမရှိ၊ ကျွန်ုပ်တို့၏အခွင့်အရေးများကိုအလုပ်ရှင်များမှဆက်လက်ချိုးဖောက်လျှက်ရှိနေသည်။ ထို့ကြောင့်ကျွန်ုပ်တို့သည် ရေလုပ်သားအနေဖြင့် မိမိကိုယ်ကိုမိမိ ကာကွယ်ကြရန်နှင့်ရေလုပ်သား များအားလုံးအတွက်တရားမျှတမှုရရှိရေးအတွက် တိုက်ပွဲဝင်ရန် သမဂ္ဂဖွဲ့စည်းရခြင်းဖြစ်ပါသည်။

**ကျွန်ုပ်တို့၏တောင်းဆိုချက်မှာ -**

- ဂုဏ်သိက္ခာရှိသောလုပ်ငန်းခွင်အခြေအနေများ၊ သင့်တင့်မျှတသောလုပ်ခလစာ၊ လုပ်ငန်းခွင်ဆိုင်ရာ ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံရေး နှင့် လူမှုဖူလုံရေးဆိုင်ရာ အကျိုးခံစားခွင့်များအပါအဝင် ရေလုပ်သားများအတွက်ပြီးပြည့်စုံသောအကာအကွယ် များရရှိစေရန် ဒေသတွင်းရှိနိုင်ငံများအားလုံးမှ အိုင်အယ်အို၏သဘောတူစာချုပ် စီ ၁၈၈ ကို လက်မှတ်ရေးထိုးအတည်ပြုပေးရန် နှင့်ထိရောက်စွာ အကောင်အထည် ဖော်ပေးရန်
- ဒေသအတွင်းရှိ အိုင်အယ်အို၏သဘောတူစာချုပ် စီ ၈၇ နှင့် စီ ၉၈ အားလက်မှတ်ရေးထိုး အတည်ပြု ထားသောနိုင်ငံများအားလုံးမှ ရေလုပ်သားများ၏လွတ်လပ်စွာအသင်းအဖွဲ့ ဖွဲ့စည်းခွင့် နှင့် စုပေါင်းတောင်းဆိုပိုင်ခွင့်အားကာကွယ်ပေးပြီး တရားမျှတသောဆက်ဆံမှု၊ ပိုမိုကောင်းမွန်သောလုပ်ခလစာ၊ နှင့် ဂုဏ်သိက္ခာရှိသောလုပ်ငန်းခွင်နှင့် နေထိုင်မှုအခြေအနေများအတွက် စေ့စပ်ညှိနှိုင်းနိုင်ရန် ရေလုပ်သားများအား စွမ်းရည်မြှင့်တင်ပေးရန်
- ငါးဖမ်းသင်္ဘောအားလုံးပေါ်တွင် ဝိုင်ဖိုင် (WIFI) ကို မဖြစ်မနေ နှင့် အခမဲ့ လက်လှမ်းမီရရှိခွင့်နှင့် စောင့်ကြည့်ခြင်းမရှိ ဝိုင်ဖိုင် (WIFI) အား အကန့်သတ်မရှိ လွတ်လပ်စွာ အသုံးပြုနိုင်ခွင့်
- ဒေသတလျှောက် အတင်းအဓမ္မလုပ်သားစုဆောင်းခြင်း၊ နေရာချထားခြင်းနှင့် ပွဲစားအခကြေးငွေ စနစ်များကို အဆုံးသတ်ရန် နှင့် ရေလုပ်သားများအား ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေသောအခြေအနေများသို့ မကျရောက်ကြောင်း သေချာစေရန်
- ဒေသအတွင်းရှိ အခြားနိုင်ငံသို့ တံငါသည်များအခွင့်အရေးကွန်ယက်အားတိုးချဲ့ရန်
- နေရာမရွေး၊ နိုင်ငံသားမခွဲခြား ရေလုပ်သားများအားလုံးအတွက် စံချိန်မီအခွင့်အရေးများနှင့် ကာကွယ်စောင့်ရှောက်မှုများ ရရှိကြောင်းသေချာစေရန် အိုင်တီအက်ဖ် ၏ စုပေါင်းတောင်းဆို ဆွေးနွေးညှိနှိုင်းမှုအရသဘောတူညီချက် (CBA) စံပြပုံစံအား ယူသုံးခြင်း နှင့် မြှင့်တင်ခြင်း


**Contact Us:**

frncoordinator.itf@gmail.com

justiceforfishers.org

@justice4fishers

Facebook

ဇွန်လ ၂၂၊ ၂၀၂၄

FISHERS RIGHTS NETWORK
JUSTICE FOR FISHERS

# အိုင်တီအက်ဖ် တံငါသည်များအခွင့်အရေးကွန်ယက် အရှေ့တောင်အာရှဒေသထိပ်သီးအစည်းအဝေး ထုတ်ပြန်ချက်

- ဒေသအနှံ့ ရေလုပ်သားများ စည်းလုံးညီညွတ်မှု အားကောင်းလာစေရန်ဆိုရှယ်မီဒီယာ လှုပ်ရှားမှုများ ညှိနှိုင်းဆောင်ရွက်ခြင်း
- ရေလုပ်သားများအတွက် ပံ့ပိုးကူညီမှုများ နှင့် ထောက်ခံအားပေးမှုများ ရရှိကြောင်း သေချာစေရန် အခြားသော သမဂ္ဂများ၊ NGOများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံရေးသမားများ၊ အစိုးရများနှင့် စစ်ဆေးရေးမှူးများ နှင့် လူမှုရေးဆိုင်ရာပူးပေါင်းမှုများပိုမိုအားကောင်းအောင်လုပ်ခြင်း
- ဆော်ဩလှုံ့ဆော်မှုဆိုင်ရာကြိုးပမ်းမှုများချဲ့ထွင်ရန် နှင့် စုပေါင်းဆောင်ရွက်မှုများ အားကောင်းလာစေရန် ဒေသဆိုင်ရာတက်ကြွလှုပ်ရှားမှုအထိမ်းအမှတ်နေ့များ ဥပမာ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့၊ အပြည်ပြည်ဆိုင်ရာတံငါသည်များနေ့၊ သင်္ဘောသားနေ့ နှင့် ကမ္ဘာ့ပင်လယ် ရေကြောင်းနေ့ များတွင် ဒေသတလျောက် တချိန်တည်းလှုပ်ရှားမှုများ ဖြစ်ပေါ်အောင်လုပ်ဆောင်ခြင်း။
- အမှုဆောင်ရွက်ရာတွင်အထောက်အကူပြုစေရန်နှင့် ပြဌာန်းချက်များကို လိုက်နာဆောင်ရွက်မှု ရှိအောင် အဓိကပစ်မှတ်အဖွဲ့အစည်းများအားရှာဖွေဖော်ထုတ်ခြင်း ဥပမာ ဥပဒေဆိုင်ရာအကြံပေးများ၊ သံရုံးများ၊ နှင့် အစိုးရအဖွဲ့အစည်းများ
- ပင်လယ်စာလည်ပတ်စီးဆင်းမှုဆိုင်ရာသဘောတူညီချက်များနှင့်မူဝါဒများတွင် လူ့အခွင့်အရေးချိုးဖောက်မှုရှိမရှိဆိုင်ရာစစ်ဆေးခြင်း (HRDD) အပိုဒ်များပါဝင်ထည့်သွင်းရန်
- အတင်းအဓမ္မစေခိုင်းမှု၊ ကလေးလုပ်သား၊ လူကုန်ကူးမှုနှင့် ခေတ်သစ်ကျွန်ပြုခြင်းများ ပပျောက်ရေး

**Contact Us:**

frncoordinator.itf@gmail.com

justiceforfishers.org

@justice4fishers

Facebook